# Psiphon VPN အသုံးပြုနည်း

## VPN အခြေခံသဘောတရား

VPN ဆိုတာ Virtual Private Network ကိုအတိုက်ကောက်ခေါ်ဆိုထားခြင်းဖြစ်ပါသည်။ VPN ကိုမီဒီယာလွတ်လပ်ခွင့်မရှိသော အနေအထားနဲ့ မလုံခြုံသော အင်တာနက်ဆက်သွယ်ရေးတွင် မိမိ၏ကိုယ်ရေးကိုယ်တာအချက်အလက်များ ပိုမိုလုံခြုံမှုရှိစေလာရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပါသည်။

VPN အသုံးမပြုသည့် အနေထားတွင် မိမိ၏ အချက်အလက်များ ပုံမှန်အတိုင်း စီးဆင်းမှု ပုံစံဖြစ်ပါသည်




အထက်ပါပုံအနေအထားသည် VPN ချိတ်ဆက်မထားပဲ တိုက်ရိုက်အင်တာနက်သုံးစွဲသည့် ပုံစံဖြစ်သည်။ ကွန်ပျူတာဖြစ်စေ Devices ဖြစ်စေ Internet Service Provider သို့ ချိတ်ဆက်ပြီးမှတစ်ဆင့် မိမိကြည့်ရှုလိုသည့် Website ကိုသွားရောက်ကြည့်ရှုခြင်းဖြစ်သည်။

ယခုအခြေအနေမျိုးတွင် ISP မှမိမိအချက်အလက်နဲ့ မိမိကြည့်ရှုလိုသည့် Target website ကိုသိရှိပါသည်။ ထို့ကြောင့် ISP မှ မိမိကြည့်ရှုမည့်လမ်းကြောင်းအား ပိတ်ဆို့ခြင်း ကန့်သန့်ခြင်းများပြုလုပ်နိုင်ပါသည်။

တစ်ဖန် Web Server ဖက်မှလည်း ဝင်ရောက်ကြည့်ရှုရန်ကြိုးစားလာသည့် Device ၏ အချက်အလက်များကိုသိရှိပါသည်။ ဝင်ရောက်ကြည့်ရှုရန်ကြိုးစားသည့် နိုင်ငံအလိုက်၊ ISP အလိုက် Data trafffic ( အချက်အလက်လမ်းကြောင်းကို ) ကန့်သန့် ထိန်းချုပ်နိုင်ပါသည်။




အထက်ပါပုံအနေအထားသည် အနေအထားသည် VPN ကိုကနဦး ချိတ်ဆက်ပြီးမှသာ မိမိကြည့်ရှု့လိုသည့် Website  ကိုသွားရောက်ကြည့်ရှုခြင်းဖြစ်ပါသည်။ VPN Service Privoder အများစုသည့် အသုံးပြုသည်များ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်ပေးလေ့ရှိသည်။

ဤအခြေအနေတွင် ISP အနေဖြင့် Clients များ VPN ဆာဗာတစ်ခုခုသို့ သွားရောက်ချိတ်ဆက်နေသည်ကိုသာသိရှိပြီး မည့်သည့် Webpage ကိုခေါ်ယူ ကြည့်ရှုနေသည်ကို အတိအကျမသိချေ။ ထို့ကြောင့် အချက်အလက်လမ်းကြောင်း (Data Route) ကို တိတိကျကျကန့်သန့်ထိန်းချုပ်ခြင်းမပြုလုပ်နိုင်ချေ။

Webserver များသည်လည်း ကနဦးစလာသည့် ISP ကိုမသိရှိသောကြောင့် နိုင်ငံအလိုက်ကန့်ချုပ်ချယ်များလုပ်နိုင်မယ်မဟုတ်ချေ။

## Installation Psiphon and Start Using

Psiphon ကိုသုံးစွဲရန်အတွက် Google play store တွင် Psiphon ဟုရိုက်ရှာပြီး ဒေါင်းလော့ဆွဲလိုက်ပါ။




Start button ကိုနှိတ်လိုက်ပါက VPN server အားချိတ်ဆက်ဖြစ်ပြီး Notification bar တွင် VPN စာကြောင်းပေါ်လာပါက ချိတ်ဆက်မှုအောင်မြင်ပြီဖြစ်သည်

**OPTION >> Select Server region** တွင် နိုင်ငံအလိုက် , Performance အလိုက် ရွေးချယ်အသုံးပြု၍ရပါသည်။

တစ်ခုသတိပြုရမည် မိမိရွေးချလိုက်သည့် နိုင်ငံအလိုက် ယင်းနိုင်ငံ၏ Public IP တစ်ခုကို အလိုအလျောက်ယာယီသုံးစွဲနေမည်ဖြစ်သည် ။ (ယာယီ) ရယူသုံးစွဲနေသည့် Public IP အားသိရှိလိုပါက whatismyipaddress.com ကိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံ IP မှတစ်ခြားနိုင်ငံနိုင်ငံတစ်ခုခုသို့ပြောင်းလဲသွားမည်ကိုတွေ့ရှိရပါမည်




ဤကဲ့သို့ Public IP အသစ်တစ်ခုရယူပြီးပါက Censored လုပ်ခံထားသည့် Webpage များကို ကျော်ဖြတ်ပြီး ကောင်းမွန်စွာ ကြည့်ရှုနိုင်ပြီဖြစ်သည်။

MORE VPN lists

| | |
|---|---|
| Android Playstore | Apple Appstore |

| | |
|---|---|
| https://play.google.com/store/apps/details?id=com.cloudflare.onedotonedotonedotone | https://apps.apple.com/us/app/1-1-1-1-faster-internet/id1423538627 |
| https://play.google.com/store/apps/details?id=com.pandavpnfree.androidproxy | https://apps.apple.com/us/app/pandavpn-lite-the-best-vpn/id1466932207 |
| https://play.google.com/store/apps/details?id=ufovpn.free.unblock.proxy.vpn | https://apps.apple.com/us/app/vpn-ufo-vpn-hotspot/id1436251125 |
| https://play.google.com/store/apps/details?id=free.vpn.unblock.proxy.turbovpn | https://apps.apple.com/us/app/turbo-vpn-private-browser/id1365309175 |